ဒေါသာကျေးရွာ

ဆိပ်ဖြူမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဒေါသာကျေးရွာ၊ ဆိပ်ဖြူမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက

ကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ်၊ ဒီဇင်ဘာ လ

မာတိကာ

စာမျက်နှာ

စကားချီး

ဆိပ်ဖြူမြို့နယ် ဒေါသာကျေးရွာ သယံဇာတပြမြေပုံ

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

နိဒါန်း–ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား/မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်နှစ်အလိုက် စီမံချက်လုပ်ငန်းများ

၅။ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယား

ဇယား(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား(၂) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

ဇယား(၃) ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား(၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား(၅) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား(၆) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု, မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား(၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား(၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား(၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

ဇယား(၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား(၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ
ဇယား(၁၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား(၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား(၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား(၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာအခြေအနေ
ဇယား(၁၆) ကျောင်းတက်နှုန်း
ဇယား(၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား(၁၈) အဖြစ်များသော ရောဂါများ
ဇယား(၁၉) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား(၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား(၂၁) သောက်သုံးရေ ရရှိနိုင်မှု
ဇယား(၂၂) အိမ်သာအမျိုးအစား
ဇယား(၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ
ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ အခြေအနေ
ဇယား(၂၅) ကျား-မ ရေးရာ
၆။ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်များ (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)

စကားချီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ခု ဘဏ္ဍာရေးနှစ် အထိ ငါးနှစ်ကြာအကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ ဒေါသာကျေးရွာ၏ ကျေးရွာသူ/သားများပါဝင်ရေးဆွဲထားသည့် ပထမဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံ သာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့်အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ ပြုစုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်မံဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး

ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန် လိုအပ်ပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဒေါသာကျေးရွာ
ဆိပ်ဖြူမြို့နယ်

အောက်တိုဘာလ ၊ ၂၀၁၈ ခုနှစ်။

ဆိပ်ကြီးခနောင်တိုနယ် ဒေါသာကျေးရွာ၏ သယံဇာတမြေပုံ



ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်

ဒေါသာကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့မှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကို သိတိုပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အခြေခံအချက်များ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသော အချက်များနှင့် အဟန့်အတား ဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များ ရရှိရန် ကျွန်ုပ်တို့အနေဖြင့် ဆောင်ရွက်မည့်နည်းဗျူဟာများ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ သတင်းနှင့် ပြည်သူဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရရှိစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုကို သိရှိစေရန် မျှော်လင့်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြသွားမည်ဖြစ်ပါသည်။ ပုဂ္ဂလိကအဖွဲ့အစည်းများ

အတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထုလိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာလိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရ မည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းများအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာ ချေးငွေအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်း များအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီ အစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ဂ) **စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခင်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တက်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရရှိလာနိုင်မည့် အကူအညီများကို အခြေ ခံကာ ဦးစားပေးစီမံကိန်းများကို ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းကဲ့သို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

၁။ တည်နေရာနှင့် ပထဝီအနေအထား

ဒေါသာကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်၊ ဒေါသာကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ဆိပ်ဖြူမြို့၏ အနောက်မြောက်ဘက် (၁၁)မိုင်ခန့်အကွာတွင် တည်ရှိပြီး ရွာ၏ အရှေ့ဘက်တွင် ချစ်ချောင်း၊ အနောက်ဘက်တွင် ဆိပ်ဖြူ–အရှေ့ကံတွင်းကားလမ်းဘေး တွင်တည်ရှိပြီး ရွာ၏ မြောက်ဘက်တွင် ဆိပ်ဖြူ–ပခုက္ကူ မီးရထားလမ်းဘေးတွင် တည်ရှိိပါသသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းတွင် တည်ရှိပါသဖြင့် နှစ်စဉ် မိုးရေချိန်လက်မ (၄၀) ဝန်းကျင်သာရရှိပါသည်။ သဘာဝပေါက်ပင်များမှာ ဒဟတ်၊ ဇီးမနီ၊ ဇီးပင်၊ ရှားပင် စသည့်တို့နှင့် ခြုံပုတ်အပင်များသာ ပေါက်ရောက်ပါသည်။ယခုအခခါတွင် ဒဟတ်၊ ဇီးမနီပင်တို့မှာလည်း အနည်းငယ်သာ ကျန်ရှိတော့ပါသည်။ မိုးလေဝသဖောက်ပြန်မှုအရ မိုးရေရရှိမှု နည်းပါးပါသဖြင့် စပါးစိုက်ပျိုးနိုင်မှုမှာ မရှိသလောက်ပင် ဖြစ်ပါသည်။ ယခင်နှစ်(၃၀)ဝန်းကျင်က စပါးစိုက်ပျိုးခဲ့သော လယ်ကွက်များမှာ ယခုအခါ ဆောင်းသီးနှံအဖြစ် ကြက်သွန်နီများကိုသာ မြေအောက်ရေကိုအားထား၍ စိုက်ပျိုးနေရပါသည်။ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံနိုင်မှုအားနည်းနေပါသဖြင့် မိရိုးဖလာလုပ်ငန်းတစ်ခုအဖြစ် ကြက်သွန်ကိုသာ စိုက်ပျိုးမှုများနေပါသည်။ အချို့တောင်သူများအနေဖြင့် နှမ်း၊ပြောင်းအခြားဟင်းသီးဟင်းရွက်ပင်နှင့် ဂရုတ် စသည့်သီးနှံများကိုလည်း အနည်းငယ်စိုက်ပျိုးကြပါသည်။ ရွာ၏အရှေ့ဘက်တွင် တည်ရှိသော ယောချောင်းမှ သဲသောင်ပြင်များကို ရေနည်းချိန်ဖြစ်သော နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် နွားချေး၊ဆိတ်ချေးစသည် သဘာဝမြေဩဇာများကို (၁)ဧကလျှင်တင်း ၆၀၀/၇၀၀ ခန့်ထည့်သွင်း မြေပြုပြင်ပြီး ကြက်သွန်စိုက်ကြပါသည်။ ရွာ၏ အဓိက စိုက်ပျိုးရေးထုတ်ကုန်မှာ ကြက်သွန်ကိုသာ အဓိကထားစိုက်ပျိုးထုတ်လုပ်ခြင်းသာဖြစ်ပါသည်။ ကြက်သွန်နီ စိုက်ပျိုးရာတွင် အရင်းအနှီးများပြီး စျေးမကောင်းပါသဖြင့် တောင်သူများ အကျိုးအမြတ်ရရှိမှုနည်းပါးသောကြောင့် တောင်သူများမှာ ဝင်ငွေနည်းပြီး စီးပွားရေးမပြေလည်နိုင်ပါ။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဒေါသာကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သော သာရေး၊ နာရေးလုပ်ငန်းကိစ္စများတွင် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ အမျိုးသမီး/အမျိုးသားအဖွဲ့၊ ဘုန်းတော်ကြီးကျောင်းဘုရား ဂေါပကအဖွဲ့၊ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ စိုက်/ထွေ်သမဝါယမအသင်းစသည့် အဖွဲ့အစည်းများရှိကြောင်း တွေ့ရှိရပါသည်။ လူငယ်များဖြင့် ဓမ္မစကူလ်းယဉ်ကျေးလိမ္မာအဖွဲ့လည်း ပါဝင်ပါသည်။ လူငယ် အမျိုးသား/သမီးအဖွဲ့များအနေဖြင့် ကျေးရွာသာရေး/နာရေးကိစ္စများ ပဋ္ဌာန်းရွတ်ဆိုခြင်း၊ ဝတ်တက်ခြင်း စသည်တို့ကို ညီညွတ်စွာ

ဆောင်ရွက်ကြပါသည်။ ဘုရားဂေါပကအဖွဲ့အနေဖြင့် ယခုအခါတွင် ရွာဦးစေတီတော်ပြုပြင်ရာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်တကွ ဝိုင်းဝန်းဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာလူငယ် မီးသတ်အဖွဲ့သည် နွေရာသီမီးဘေးကြိုတင်ကာကွယ်ရေးအတွက် အထူးအလေးထားဆောင်ရွက်ပါသည်။ စိုက်/ထွေသမဝါယမအသင်းအနေဖြင့် အသင်းသားများအား ချေးငွေထုတ်ပေးခြင်း၊ သိမ်းဆည်းယူခြင်းဖြင့် (၆)လ (၁)ကြိမ်သာ ဆောင်ရွက်လုပ်ကိုင်နိုင်ကြောင်း တွေ့ရှိရပါသည်။ ပြင်ပအသေးစား ချေးငွေအဖွဲ့ နှင့် အစိုးရမဟုတ်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းများရှိသော်လည်း သက်ဆိုင်ရာစီမံချက်လုပ်ငန်း အကောင်အထည်ဖော်ရုံမှသာ ဖွဲ့စည်းထားပါသည်။ ခြုံငုံသုးသပ်ရလျှင် သာရေး/နာရေး ကိစ္စများဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် မိရိုးဖလာအဖွဲ့အစည်းများ အားကောင်းပြီး၊ ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်သည့် အဖွဲ့အစည်းကို စနစ်တကျ ဖွဲ့စည်းထားခြင်း မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းဟုဆိုသော်လည်း ကြက်သွန်နှင့် ကွမ်းစိုက်ခြင်းကိုသာ အဓိကစိုက်ပျိုးကြပါသည်။ယောချောင်းဘေးနုံးတင်မြေနှ၊ မြေဇကအနည်းငယ်ရှိပြီးတစ်နှစ် တစ်ခါ စိုက်ပျိုးလုပ်ကိုင်လိုသော ရွာသားများ ဝေငှပြီး ကြက်သွန်၊ ငရုတ်၊ ပြောင်းဖူး၊ ဟင်းသီးဟင်းရွက်ပင်များ စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ယာမြေအနည်းငယ်ရှိပြီး အချို့တောင်သူများက ဆောင်းနှမ်းစိုက်ပျိုးကြရာ မိုးလေဝသအဆင်ပြေပါ က ထိုက်သင့်သည့် ဝင်ငွေရရှိပြီး မိုးလေဝသအဆင်မပြေပါက အရှုံးနှင့်ပင်ရင်ဆိုင်ရပါသည်။ တစ်ရွာလုံးအနေ ဖြင့် ကြက်သွန်နှင့် ကွမ်းစိုက်ပျိုးခြင်းကိုသာ အဓိကထား စိုက်ပျိုးနေရသဖြင့် ကြက်သွန်နှင့် ကွမ်းဈေးမကောင်းခြင်းတို့နှင့် ကြုံတွေ့ရလျှင် စီးပွားရေးအကြပ်အတည်းနှင့် ရင်ဆိုင်ရပါသည်။ အခြားဈေးကွက်ဝင် သီးနှံများကို နည်းပညာ၊ မျိုးစေ့၊ ရင်းနှီးမြှုပ်နှံမှု ငွေကြေးလိုအပ်ချက်အရ စိုက်ပျိုးနိုင်ခြင်းမရှိကြပါ။ အခြားသားငါး ထုတ်လုပ်နိုင်မှု ကဏ္ဍအနေဖြင့် ကြက် ၊ ဝက်၊ ဆိတ် ၊ နွားများ ကို တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

ကျေးရွာ ရေကောင်းရေသန့်ရရှိရန် Un-Habitatမှ အဝိစိရေတွင်း (၂)တွင်းနှင့် ရေလှောင်ကန်(၂)လုံးတို့ကို ဆောက်လုပ်လှူဒါန်းထားပြီး ရွာ၏အိမ်ထောင်စုအချို့သည်လည်း ကိုယ်ပိုင်ရေတွင်းများဖြင့် အသုံးပြုကြပါသည်။ ကျေးရွာတွင် အလယ်တန်းကျောင်းသာရှိပြီး အထက်တန်းကျောင်းသားများမှာ ရွာနှင့် (၂)မိုင်ခန့်ဝေးသော ပင်းတလဲကျေးရွာ ၊ အရှေ့ကံတွင်းကျေးရွာများသို့ သွားရောက်ပညာ သင်ကြားရပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် အရံသားဖွား ၂ယောက်သာရှိပြီး ၎င်းတို့အကူအညီနှင့်သာလျှင် ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူရပါသည်။ ကျန်းမာရေးဆေးပေးခန်းနှင့် ဆရာ/မတို့လည်း လိုအပ်လျက်ရှိပါသည်။

ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးပါ။ ယခု ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအကူအညီဖြင့် ပေါင်းစပ်၍ အိမ်ထောင်စုများမှ ထည့်ဝင်သည့် အလှူငွေတို့ဖြင့် ကျေးရွာအတွင်း မီးတိုင်များစိုက်ထူခြင်း၊ မီးကြိုးများသွယ်တန်းခြင်းကို မြို့နယ်လျှပ်စစ်ဌာနသို့ တင်ပြ အကူအညီ တောင်းခံပြီး ဆက်လက်အကောင်အထည်ဖော်ရန် လျာထားဆောင်ရွက်လျက်ရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင်(၂၅၀၀၀)နှုန်း ငွေထုတ်ချေးပါသည်။ မဏ္ဍိုင်အသေးစားချေးငွေလုပ်ငန်းမှ တစ်ဦးလျှင် (၂၄၀၀၀၀)ကျပ်နှုန်းဖြင့် တောင်သူဦး (၄၀)ကို ကျပ် (၉၆၀၀၀၀)ကိုလည်းကောင်း၊ စိုက်/ထွေ သမဝါယမအသင်းမှ အသင်းသား (၉၂)ဦးအတွက် (၂၄၁၀၄၃၅၇) Exam bankချေးငွေမှ ထုတ်ချေးပေးလျက်ရှိပါသည်။ တောင်သူလယ်သမားများအတွက်သာမကဘဲ အခြားအသေးစားစီးပွားရေးလုပ်ငန်းများ ထူထောင်ရန် ချေးငွေဝန်ဆောင်မှုများလည်းလိုအပ်ပါသည်။

(င) ပညာရေး

ကျေးရွာတွင် ပညာရေးအဆင့်အတန်းသည် အတင့်အသင့်သာရှိပါသည်။ ရွာသားအများစုသည် အခြေခံ အရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်များဖြင့် ဘွဲ့ရသူများလည်း ရှိပါသည်။ ကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်းအဆင့်သာရှိပြီး ဆရာအင်အားမလုံလောက်ခြင်း၊ အထက်တန်းပညာကို အခြားကျေးရွာသို့ သွားရောက်သင်ကြားရ ပါသည်။ လူငယ်များအတွက် အသက်မွေးဝမ်းကြောင်းမှု ပညာလက်လှမ်းမမီသောကြောင့် လူငယ်များ မှာ အသက်မွေးဝမ်းကြောင်း ပညာနိမ့်ကျဆဲဖြစ်ပြီး ၎င်းတို့အတွက် ဖွံ့ဖြိုးရေးအစီအစဉ်များ လိုအပ်လျက်ရှိပါသည်။

(စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှုမရှိသလောက်နည်းပါးသည်။ မိုးရာသီကျရောက်လျှင် ကလေးသူငယ်များမှာ သွေးလွန်တုပ်ကွေးရောဂါကို အနည်းငယ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကိုယ်ဝန်ဆောင် အမျိုးသမီးများ အတွက် ကျန်းမာရေးစောင့်ရှောက်မှုကို (၂)မိုင်ခန့်ကွာဝေးသော ပင်းတလဲကျေးရွာဆေးပေးခန်းမှ တာဝန်ကျဆရာမမှ လာရောက်၍ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ဆေးတိုက်ခြင်း စသည့်စောင့်ရှောက်မှုများကိုသာ အားကိုးနေရပါသည်။

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာမှ စိုက်ပျိုးမြေ အများစုမှာ နှစ်စဉ်ကြက်သွန်စိုက်ပျိုးစဉ် ဓာတုဗေဒကွန်ပေါင်းမြေဩဇာများကိုသာ အားထားအသုံးပြုမှုများသဖြင့် မြေဆီလွှာပျက်စီခြင်းများ တွေ့ကြုံနေရပါသည်။ စိုက်ခင်းအတွင်း ဓာတုပိုးသတ်ဆေးများကို စနစ်တကျသုံးစွဲခြင်းမရှိဘဲ အလွန်အကျွံသုံးစွဲမှုများကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေပါသည်။ ထို့ကြောင့် တောင်သူအများစုမှာ ကွန်ပေါင်းမြေဩဇာများ၊ ဓာတုပိုးသတ်ဆေးများသုံးစွဲမှု မှန်ကန်စေရေးအတွက် ပညာပေးသင်တန်းပို့ချမှုများ လိုအပ်နေကြောင်းတွေ့ရှိရပါသည်။

(၉) ကျား-မ ရေးရာ

ကျား-မဆိုင်ရာ အခွင့်အရေးအနေဖြင့် ဘာသာရေးအထိမ်းအမှတ်၊ ရိုးရာယဉ်ကျေးမှုပွဲတော်များတွင် အမျိုးသား၊ အမျိုးသမီးများ စုပေါင်း၍ တက်ညီလက်ညီ ဆောင်ရွက်ကြပါသည်။ ဒေသတွင်း အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စများတွင် အမျိုးသားများကသာ အဓိက ဦးဆောင်နေပြီး အမျိုးသမီးအခန်းကဏ္ဍမှာ အားနည်းနေကြောင်း၊ ပညာရေးဆိုင်ရာ သင်ယူမှု မူလတန်းပညာမှ တက္ကသိုလ်ပညာရေးအထိကျား-မတန်းတူအခွင့်အရေးရရှိပါသည်။

ဒေါသာက ျရွော ၊ ဒေါသာက ျရွောအုပ်စု၊ဆိပ်စွန် မြို့နယ်

ဦးစားပေးစီမံကိန်းများ အကောင်အထည်ဖော်မည့် အချိန်ကာလဇယား

ဦးစားပေး အဆင့်	စီမံချက်	ရမှတ် ပေါင်း	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁	လျှပ်စစ်မီးလင်းရေးရှိ ကျေးစီမံချက်	၁၀၀	Â				
၂	က ျရွောတွင်းလမ်းများအဆင့်မြှင့်တင်နှင်း	၈၉		Â			
၃	က ျရွောဆေး ပေးခန်း၊ ကျန်းမာရေးဝန်ထမ်း၊ ဆေး ဝါများရရှိ အောင်ဆေး ောင်ရွက်နှင်း	၈၄			Â		
၄	က ျရွောဆေး ပေးခန်း၊ ကျန်းမာရေးဝန်ထမ်း၊ ဆေး ဝါများရရှိ အောင်ဆေး ောင်ရွက်နှင်း	၇၄				Â	
၅	ပညာရေးအတွက် ပရိ အာဂနှင့် သင်ထော ကာ်ကူပစ္စည်းများ ဝယ်ယူနှင်း	၇၂					Â
၆	ရတိုက်စာမှဒဏ်ကာကွယ်ရန် ရကောတာတည်ဆော ကာ်နှင်း	၇၁					Â
၇	တိရ စ္ဆာန်မျိ ုးကော ောင်းမျိ ုးသန့်ရှင်း အောင်ဆော ောင် ရွက်နှင်း	၇၁					Â
၈	အမြှင့်တင်ရစေင်တည်ဆော ကာ်နှင်း	၇၁					Â
၉	လက်မှုပညာ၊ အသက်မွေးဆိုင်းကြောင်း သင်တန်းများ ဖွင့်လှစ်နှင်း	၇၁					Â

ကျေးရွာဖွံ့ဖြိုးရေး လက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြုဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ်အောက်	နို့စို့အရွယ်	၅	၈	၁၃
၁ နှစ်မှ ၄နှစ်အထိ	၅နှစ်အောက်ကလေးငယ်	၁၉	၁၇	၃၆
၅ နှစ်မှ ၉နှစ်အထိ	မူလတန်းကျောင်းသားအရွယ်	၄၀	၃၁	၇၁
၁၀ နှစ်မှ ၁၄နှစ်အထိ	အလယ်တန်းကျောင်းသားအရွယ်	၃၉	၃၆	၇၅
၁၅ နှစ်မှ ၆၄နှစ်အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၁၅	၃၂၉	၆၅၄
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၈	၂၆	၄၄
စုစုပေါင်း		၄၃၆	၄၄၇	၈၉၃
စုစုပေါင်းအိမ်ထောင်စု		၂၇၀		

လေ့လာတွေ့ရှိချက်။ (၁)နှစ်အောက်နို့စို့အရွယ်ကလေးနည်းခြင်း၊ (၅)နှစ်အောက်ကလေးများမူကြို တက်ရောက်ခြင်း၊ သက်ကြီးရွယ်အိုပိုင်းတွင် ကျန်းမာရေးဆောင်ရွက်မှုအသင့်အတင့်ရှိပါ သည်။

(၂) ဘဘသာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့်ရေအရင်းအမြစ်များ

ဇယား(၂) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေနေ

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့**	**ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)**	**ရရှိနိုင်သောရေအရင်းအမြစ် (မြေအောက်ရေ၊ ချောင်း၊ မြစ်၊ စိမ့်စမ်း စသည့်)**
လယ်မြေ	၆၈.၅၀	သင့်	အနည်းအကျဉ်း	ချောင်းရေ၊ မြေအောက်ရေ
ယာမြေ	၁၅၈.၂၅	သင့်	အနည်းအကျဉ်း	မိုးရေ၊ မြေအောက်ရေ
ဥယျာဉ်ခြံမြေ				
အိမ်ခြံဝင်း စိုက်ခင်း				
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				
ပလပ်မြေ				
သစ်တောမြေ				
စုစုပေါင်း	၂၂၆.၇၅			

လေ့လာတွေ့ရှိချက်။ ကျေးရွာပြည်သူများလုပ်ကိုင်လျှက်ရှိသော လယ်မြေဧက(၆၈.၅၀)ဧက ယာမြေ (၁၅၈.၂၅)ဧကရှိပြီး ရေရရှိမှု မလုံလောက်သောကြောင့် သီးနှံများထွက်ရှိမှု နည်းပါးသည်ကို တွေ့ရှိရပါသည်။

(၂.၂) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ဓါတ်ငွေ့/ရေနံ)		
ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊သဲ) စသည့်	နည်း	ခက်
အခြားသဘာဝအရင်းအမြစ်		

တိရစ္ဆာန်မျိုးစိတ်များ	နည်း	လက်လှမ်းမမီ
အပင်မျိုးစိတ်များ (လူ၊ တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)	နည်း	ခက်
ပျမ်းမျှအပူချိန် - ၂၅.C	ပျမ်းမျှ မိုးရေချိန် -၆၀'	

လေ့လာတွေ့ရှိချက် ။ ကျေးရွာတွင် သဲ ပေါများသော်လည်း သဘာဝအရင်းအမြစ်များ၊ တိရစ္ဆာန်မျိုးစိတ်များနှင့်အပင်မျိုးစိတ်များ ရရှိမှု နည်းပါးပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား(၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**လုပ်ငန်းတာဝန်** (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်)	အဖွဲ့အစည်း၏ စွမ်းဆောင်ရည်အခြေအနေ(သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
၁	ပညာရေး	၁√ ၂ □၃ □	ပညာရေး √ ငွေကြေး √ ကျန်းမာရေး □ ဘာသာရေး√ စိုက်ပျိုး/မွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး√ လုံခြုံရေးနှင့်ကာကွယ်ရေး √	စုပေါင်းဝိုင်းဝန်းလုပ်ဆောင်တတ်ခြင်း၊စာရင်းဇယားများ နိုင်နင်းခြင်း၊ခိုင်မာစွာရပ်တည်နိုင်ခြင်း
၂	အုပ်ချုပ်ရေးအဖွဲ့	၁√ ၂□ ၃□	ပညာရေး√ ငွေကြေး √ ကျန်းမာရေး√ ဘာသာရေး √ စိုက်ပျိုး/မွေးမြူရေး √ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့်ကာကွယ်ရေး √	ရပ်ရွာလုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်ခြင်း
၃	ကျန်းမာရေးအဖွဲ့	၁□ ၂□ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး√ ဘာသာရေး □ စိုက်ပျိုး/မွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့်ကာကွယ်ရေး □	ဤအဖွဲ့အစည်း၏ လှုပ်ရှားမှုမှာအသင့်အတင့်သာရှိပါသည်။
၄	ဘာသာရေးအဖွဲ့	၁□ ၂□ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး √ စိုက်ပျိုး/မွေးမြူရေး □	ဤအဖွဲ့အစည်း၏ လှုပ်ရှားမှုမှာ အသင့်အတင့်သာရှိပါသည်။

			သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့်ကာကွယ်ရေး □	
၅		၁□ ၂□ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုး/မွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့်ကာကွယ်ရေး □	
၆		၁□ ၂□ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုး/မွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့်ကာကွယ်ရေး □	
၇		၁□ ၂□ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုး/မွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့်ကာကွယ်ရေး □	

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်း ကိုယ်ထူကိုယ်ထ အဖွဲ့အစည်းများသည် ဘာသာရေး၊ သာသနာရေးလုပ်ငန်းများစသည့် ရပ်ရွာအကျိုးနှင့်ဆိုင်သော လုပ်ငန်းများအား တက်ကြွစွာ ပါဝင်လုပ်ဆောင်နိုင်သော်လည်း ငွေကြေးလုံလောက်မှုမရှိခြင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့မရှိခြင်း၊ ငွေစုငွေချေးအသင်းအဖွဲ့မရှိခြင်းကြောင့် ကိုယ်ဝန်ဆောင်မိခင်များ၊ သက်ကြီးရွယ်အိုများ ကျန်းမာရေးစောင့် ရှောက်မှု အခက်အခဲရှိပါသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား(၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၅ ဧကနှင့် ၅ဧက အထက်	၅ဧက အောက်နှင့် ၃ဧက	၃ဧကနှင့် ၁ဧကအောက်	မရှိ
အိမ်အခြေအနေ	၄ပင်အိမ် (၂)ထပ်	၄/၃ပင်အိမ် (၁)ထပ်	၃ပင်အိမ် သွပ်မိုး	၃ပင်အိမ် ထရံကာ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု				
အဓိကစီးပွားရေး လုပ်ငန်း	စိုက်ပျိုးရေး	စိုက်ပျိုးရေး	စိုက်ပျိုးရေး ကျပန်း	ကျပန်း
အိမ်ထောင်စု	၁၃	၅၆	၁၃၄	၆၇

လေ့လာတွေ့ရှိချက်။ ကျေးရွာသည် ဆိပ်ဖြူမြို့နှင့် (၅)မိုင်ခန့်ကွာဝေးသော်လည်း လမ်းပန်းဆက်သွယ်ရေး မကောင်းသဖြင့် ထွက်ကုန်ပစ္စည်းများကို အချိန်မရွေးသွားရောက် မရောက်ချနိုင်ခြင်းကြောင့် ဥစ္စာဓနအဆင့်နိမ့်ကျမှုရှိပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေရိယာ

ဇယား(၆) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၈၇		မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ဟတ် တာထိ)	၁၄၄		ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကထိ(၂ ဟတ်တာထိ)	၃၂		တောင်သူငယ်

၄	၅ကေမှ ၁၂.၅ကေကြား (၅ ဟတ်တာထိ)	၈		အလယ်အလတ်စား တောင်သူ
၅	၁၂.၅ကေအထက် (၅ ဟတ်တာနှင့်အထက်)			တောင်သူကြီး
	ကျေးရွာရှိ အိမ်ထောင်စုစုစုပေါင်း	၂၇၀		

လေ့လာတွေ့ရှိချက်။ လယ်/ယာမြေများအသင့်အတင့်ရှိသော်လည်း ရာသီဥတုအခြေအနေ ပေါ်မူတည်ပြီး အသီးအနှံများရရှိခြင်း၊ ငွေကြေးလုံလောက်စွာသုံးစွဲနိုင်ခြင်းမရှိခြင်း၊ ဆင်းရဲသား တောင်သူများ များပြားပြီး လယ်ယာမြေများကို အကုန်လုံးဆောင်ရွက်နိုင်ခြင်း မရှိကြောင်းကို တွေ့ရှိရသည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား(၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေ အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမှ	
ကြက်သွန်	၆၅	ပိဿာ	၁၀၀	၂၀၀	၁၅၀	ရာသီဥတုနှင့်ဈေးကွက်ပေါ်မူတည်သည်

လေ့လာတွေ့ရှိချက်။ ကြက်သွန်များကို အဓိကထား စိုက်ပျိုးသော်လည်း ကြက်သွန်စိုက်ပျိုးရာတွင် အထွက်နှုန်းနည်းပါးခြင်း၊ အရင်းနှီးများခြင်း၊ ဈေးကွက် အပြောင်းအလဲ များကြောင့် တောင်သူများ အမြတ်ရရှိမှုနည်းပါး ပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈)မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၃၇	၇၀
နို့စားနွား		
ကျွဲ		
မြင်း	၁	၂
မြည်း		
ဆိတ်	၂၁	၁၈၂
သိုး		
ဝက်	၁၆	၂၁
ကြက်	၁၁၃	၃၀၆
ဘဲ		
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်းမွေးမြူရေးလုပ်ငန်း		
ရေချိုငါးဖမ်းလုပ်ငန်း		
ကမ်းလွန်ငါးဖမ်းလုပ်ငန်း		

လေ့လာတွေ့ရှိချက်။ မွေးမြူရေးလုပ်ငန်းများတွင် နွား၊ ဝက်၊ ကြက်၊ ဆိတ်များရှိသော် လည်း ရွာသို့ လာရောက်ဝယ်ယူသူရှိမှသာလျှင် အဆင်ပြေကြပါသည်။ မွေးမြူရာတွင် ကောင်းမွန် သော်လည်း ရောင်းချရာတွင် စျေးနှုန်းပေါ်မူတည်း၍ အတက်အကျရှိကြောင်း တွေ့ရှိရပါသည်။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား(၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ(ထုတ်ကုန်လုပ်ငန်း နှင့်ဝန်ဆောင်မှု)	လုပ်ငန်း အရေ အတွက်	ဝန်ထမ်း/ အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)နှင့် ရှင်လင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်				

စဉ်	လုပ်ငန်းများ(ထုတ်ကုန်လုပ်ငန်းနှင့်ဝန်ဆောင်မှု)	လုပ်ငန်းအရေအတွက်	ဝန်ထမ်း/အလုပ်သမားအရေအတွက်	မိသားစုဝင်လုပ်အား	ရပ်တည်နိုင်မှု(နိမ့်၊လတ်၊မြင့်)နှင့် ရှင်လင်းဖော်ပြချက်
	ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ ဓါတ်ငွေ့နှင့်ရေပေးဝေရေး				
၄	ဆောက်လုပ်ရေး၊ လက်သမားပန်းရံလုပ်ငန်း				
၅	ယာဉ်၊စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး				
၆	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာသင်တန်းပေးသူ)				
၇	လက်လီ-လက်ကား ရောင်းဝယ်ရေး				
၈	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး				
၁၀	ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်၊ ငွေချေးခြင်းလုပ်ငန်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့်ဆက်စပ်သော လုပ်ငန်းများ				
၁၂	ပညာရေး				
၁၃	ကျန်းမာရေး				
၁၄	လူမှုရေးလုပ်ငန်းများ				
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ				

စဉ်	လုပ်ငန်းများ(ထုတ်ကုန်လုပ်ငန်းနှင့်ဝန်ဆောင်မှု)	လုပ်ငန်းအရေအတွက်	ဝန်ထမ်း/အလုပ်သမားအရေအတွက်	မိသားစုဝင်လုပ်အား	ရပ်တည်နိုင်မှု(နိမ့်၊လတ်၊မြင့်)နှင့် ရှင်းလင်းဖော်ပြချက်
	(အထက်ဖော်ပြပါလုပ်ငန်းများမှအပြ)				
စုစုပေါင်း အသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ					

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်းရှိ လူငယ်အများစုမှာ ကျေးရွာတွင် ဝင်ငွေရလုပ်ငန်းများ ဖြင့် မိသားစုလုံလောက်စွာ ရပ်တည်မရသဖြင့် ပြည်တွင်းနှင့် နိုင်ငံရပ်ခြားသို့ သွားလာပြီး ဝင်ငွေရှာ နေရကြောင်း တွေ့ရှိရပါသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား(၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ဈေးအမည်(မြို့/ရွာ)	ဆိပ်ဖြူ	ချောက်
ရွာမှအကွာအဝေး(မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁မိုင် □ ၁ မှ ၅ မိုင် □ ၅ မှ ၁၀မိုင် √ ၁၀ မှ ၁၅မိုင် □ ၁၅မိုင် အထက်□	၀ မှ ၁၀မိုင် □ ၁၁ မှ ၂၀ မိုင် √ ၂၁ မှ ၃၀မိုင် □ ၃၀ မှ ၅၀မိုင် □ ၅၁မိုင် ၁၀၀ □ ၁၀၀မိုင်အထက်□
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင် □စက်ဘီး□ ဆိုင်ကယ်√ ကား/ထော်လားကျီ √ ရထား □ သုံးဘီးဆိုင်ကယ် □ လှေ □ စက်လှေ □	ခြေလျင် □စက်ဘီး□ ဆိုင်ကယ်√ ကား/ထော်လားကျီ √ ရထား □ သုံးဘီးဆိုင်ကယ် □ လှေ □ စက်လှေ □

လေ့လာတွေ့ရှိချက်။ ကျေးရွာနှင့်မြို့သည်(၅)မိုင်ခန့်ဝေးကွာသော်လည်း လမ်းပန်းဆက်သွယ် ရေးမကောင်းသဖြင့် အခက်အခဲများကြုံတွေ့ရပါသည်။ သယ်ယူပို့ဆောင်ရေးအနေဖြင့် ဆိုင်ကယ်နှင့် ကားသာအသုံးပြုကြပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား(၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်းအမျိုးအစား	အမျိုးအစား	အရည်အသွေး	ရာသီအလိုက်	လမ်းအရှည်

			သုံးစွဲနိုင်မှု	(မိုင်)
ရွာတွင်းလမ်း	၁√ ၂□ ၃□ ၄□၅ □	ကောင်း □ သင့်√ ညံ့ □	ပွင့်လင်းရာသီ √ တစ်နှစ်ပတ်လုံး □	၀-၁ မိုင် □ ၁-၅ မိုင် √ ၅-၁၀ မိုင် □ ၁၀မိုင်အထက် □
ချဉ်းကပ်လမ်း	၁√ ၂□ ၃□ ၄□ ၅□	ကောင်း □ သင့်√ ညံ့ □	ပွင့်လင်းရာသီ √ တစ်နှစ်ပတ်လုံး □	၀-၁ မိုင် □ ၁-၅ မိုင် √ ၅-၁၀ မိုင် □ ၁၀မိုင်အထက် □
ရွာချင်းဆက်လမ်း	၁√ ၂□ ၃□ ၄□ ၅□	ကောင်း □ သင့်√ ညံ့ □	ပွင့်လင်းရာသီ √ တစ်နှစ်ပတ်လုံး □	၀-၁ မိုင် □ ၁-၅ မိုင် √ ၅-၁၀ မိုင် □ ၁၀မိုင်အထက် □

လေ့လာတွေ့ရှိချက်။ ရွာချင်းဆက်လမ်းများသည် မြေသားလမ်းများသာဖြစ်ပြီး ပွင့်လင်းရာသီတွင်သာကောင်းမွန်ပြီး မိုးရာသီတွင်လမ်းများမှာ သွားလာရာတွင်ခက်ခဲပါသည်။

(၅.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား(၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး(မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် □ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □ ၅၀ မိုင်အထက် □ အသုံးမပြုပါ √	ပွင့်လင်းရာသီ □ တစ်နှစ်ပတ်လုံး □
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် □ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □ ၅၀ မိုင်အထက် □ အသုံးမပြုပါ √	ပွင့်လင်းရာသီ □ တစ်နှစ်ပတ်လုံး □

လေ့လာတွေ့ရှိချက်။ ရေကြောင်းလမ်း အသုံးပြုခြင်း မရှိပါ။

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား(၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်			၁၂		၁	၁	၄		၁၆

လေ့လာတွေ့ရှိချက်။ ပွင့်လင်းရာသီတွင် ဆိုင်ကယ်/ကားများဖြင့် သွားလာရသော်လည်း မိုးတွင်းအခါတွင် ကားများသွားလာ၍မရသောကြောင့် ခြေလျင်လမ်းလျှောက်ရခြင်း၊ ဆိုင်ကယ်များ ထမ်းရခြင်းများ ပြုလုပ်ရပါသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား(၁၄)လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု
မဟာဓါတ်အားလိုင်း	
ဆိုလာစနစ်	၁၀၉
အသေးစားရေးအားလျှပ်စစ်	
ဒီဇယ်အင်ဂျင်	
လေစွမ်းအင်	
ဇီဝလောင်စာ	
အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓါတ်အားပေးစနစ်	
လျှပ်စစ်မီး အသုံးမပြုနိုင်သော	

လေ့လာတွေ့ရှိချက်။ ဆိုလာစနစ်အသုံးပြုသူ အသင့်အတင့်ရှိပြီး ဒီဇယ်အင်ဂျင်အသုံးပြုသူ အလွန်နည်းပါးပါသည်။

(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား(၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၂၀၉	၂၉	၅၁

လေ့လာတွေ့ရှိချက်။ ဆက်သွယ်ရေးဖုန်းများရှိသောကြောင့် အချိန်ကုန်သက်သာစေပြီး အလွယ်တကူ ဆက်သွယ်၍ ရရှိနိုင်ပါသည်။ တီဗွီ ၊ ရေဒီယိုများမှ သတင်းအချက်အလက်များ၊ မိုးလေဝသသတင်းများနှင့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်သိရှိနိုင်ပါသည်။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၄၃	၃၈	၈၁
အလယ်တန်း	၃၂	၃၀	၆၂
အထက်တန်း	၁၆	၂၂	၃၈
တက္ကသိုလ်/ကောလိပ်	၂၀	၁၆	၃၆

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် မူလတန်းအဆင့်သာရှိပြီး အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်ပညာရေးကို ပင်တလဲအထက်တန်းကျောင်းသို့သွားရောက်၍ ပညာသင်ကြားရပါသည်။

(၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား(၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)	(၂)	(၃)
က။ ကျောင်းအဆင့်	မူလတန်း √ မူလွန် □ အလယ်တန်း(ခွဲ) □ အလယ်တန်း □ အထက်တန်း(ခွဲ) □ အထက်တန်း □	မူလတန်း □ မူလွန် □ အလယ်တန်း(ခွဲ) □ အလယ်တန်း □ အထက်တန်း(ခွဲ) □ အထက်တန်း √	မူလတန်း □ မူလွန် □ အလယ်တန်း(ခွဲ) □ အလယ်တန်း □ အထက်တန်း(ခွဲ) □ အထက်တန်း □
ခ။ ရွာမှ အကွာအဝေး (မိုင်)	၀ မှ ၁မိုင် √ ၁ မိုင်မှ ၃ မိုင် □ ၁၅ မိုင်မှ ၂၀ မိုင် □ ၂၀မိုင် အထက် □	၀ မှ ၁မိုင် □ ၁ မိုင်မှ ၃ မိုင် √ ၁၅ မိုင်မှ၂၀ မိုင် □ ၂၀မိုင် အထက် □	၀ မှ ၁မိုင် □ ၁ မိုင်မှ ၃ မိုင် □ ၁၅ မိုင်မှ ၂၀ မိုင် □ ၂၀မိုင် အထက် □
ဂ။ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှု	ခြေလျင် √ စက်ဘီး √ ဆိုင်ကယ် □	ခြေလျင် □ စက်ဘီး □ ဆိုင်ကယ် √	ခြေလျင် □ စက်ဘီး □ ဆိုင်ကယ် □

အကြောင်းအရာ	(၁)			(၂)			(၃)		
	ကား □			ကား √			ကား □		
ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)									
င။ အမိုး၊ နံရံ၊ အခင်း အရည် အသွေး	ကောင်း□ သင့်√ ညံ့□			ကောင်း□ သင့် √ ညံ့ □			ကောင်း□ သင့် □ ညံ့□		
စ။ ကျောင်းသုံးပရိဘောဂ လုံလောက်မှု	လုံလောက်မှုရှိသည်□ မလုံလောက်ပါ √			လုံလောက်မှုရှိသည်□ မလုံလောက်ပါ √			လုံလောက်မှုရှိသည်□ မလုံလောက်ပါ □		
ဆ။ ကျောင်းအိမ်သာ အခြေ အနေ	ကောင်း□ သင့်√ ညံ့ □ မရှိ □			ကောင်း□ သင့်√ ညံ့□ မရှိ □			ကောင်း□ သင့် □ ညံ့ □ မရှိ □		
ဇ။ ကျောင်းအာဟာရ တိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည် တိုက်ကျွေးမှုမရှိပါ √			တိုက်ကျွေးမှုရှိသည် တိုက်ကျွေးမှုမရှိပါ √			တိုက်ကျွေးမှုရှိသည် တိုက်ကျွေးမှုမရှိပါ √		
စျ။ ကျောင်းဆရာ/မဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အစိုးရခန့်	၄	၄	၈						
ကျေးရွာခန့်		၂	၂						

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် အလယ်တန်းကျောင်းအဆင့်ရှိပြီး ကျောင်းဆောင်များ အဆင်ပြေသော်လည်း၊ ကျောင်းပရိဘောဂများ မလုံလောက်ခြင်းနှင့် ကျောင်း ဆရာ/မမလုံလောက် သည့် အတွက် ရွာမှ ဆရာ/မ ငှားထားရခြင်း လေ့လာတွေ့ရှိရပါသည်။

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသော ရောဂါများ

ဧယား(၁၈) အဖြစ်များသော ရောဂါများ

စဉ်	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု
၁	ဝမ်းပျက်ဝမ်းလျော	မြင့်□ နိမ့် √ မရှိ □
၂	သွေးလွန်တုပ်ကွေး	မြင့်□ နိမ့် √ မရှိ □
၃	ငှက်ဖျား	မြင့်□ နိမ့် √ မရှိ□

၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	မြင့်□	နိမ့် √	မရှိ □
၅	HIV, AIDS, လိင်မှတဆင့်ကူးစက်နိုင်သောရောဂါများ	မြင့်□	နိမ့် □	မရှိ √
၆	တီဘီ	မြင့်□	နိမ့် √	မရှိ □
၇	ဆီးချို	မြင့်□	နိမ့် √	မရှိ □
၈	သွေးတိုး	မြင့်□	နိမ့် √	မရှိ □
၉	အသည်းရောဂါ (ဘီ၊ စီ)	မြင့်□	နိမ့် √	မရှိ □
၁၀	အာဟာရ ချို့တဲ့မှု	မြင့်□	နိမ့် □	မရှိ√
၁၁	အခြားကူးစက်နိုင်သောရောဂါများ	မြင့်□	နိမ့် □	မရှိ√

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် (၂)မိုင်ခန့်အကွာရှိပြီး ကျန်းမာရေးဆရာမ ရွာသို့လာရောက်ရန်နှင့် လူနာများ ဆေးခန်းသွားရန် မိုးတွင်းကာလတွင် ချောင်းရေများ အတန်တန်ခြားခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲပါသဖြင့် အခက်အခဲများပြား သည်ကို တွေ့ရှိရပါသည်။

(၇.၂) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား(၁၉) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း(ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၁	အဆုတ်ရောဂါ	√	
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	√	
၃	ပိုလီယိုရောဂါ	√	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	√	
၅	ဝက်သက်ရောဂါ	√	
၆	အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု		√
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	√	
၈	အာဟာရ ပညာပေး အစီအစဉ်		√

လေ့လာတွေ့ရှိချက်။ ကျေးလက်ကျန်းမာရေးဌာနနမှ အချိန်အခါအလိုက်၊ အသက်အရွယ် အလိုက် ကာကွယ်ဆေးများ မပျက်မကွက် ထိုးပေးလျှက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၇.၃) ကျန်းမာရေး အထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)

ဇယား(၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး(မိုင်)	အခန်း/ကုတင် လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ဌာနခွဲ	၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် √ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် □ ၁၀မိုင်အထက် □	ရှိ □ မရှိ √
တိုက်နယ်ဆေးရုံ	၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် □ ၁၀မိုင်အထက် √	ရှိ □ မရှိ √
မြို့နယ်ဆေးရုံ	၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် □ ၁၀မိုင်အထက် √	ရှိ √ မရှိ □

လေ့လာတွေ့ရှိချက်။ ကျန်းမာရေးနှင့်ပတ်သက်လျှင် မြို့နယ်ဆေးရုံများသည် (၁၀)မိုင်အထက် သွား ရောက် ဆေးကုသလျက်ရှိကြောင်းတွေ့ရှိရပါသည်။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄.၁) သောက်သုံးရေ ရရှိမှု

ဇယား(၂၁) သောက်သုံးရေ ရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေအရည်အသွေး	လုံလောက်မှု (မိုး၊ ဆောင်း၊ နွေ)
ရေတွင်း	၃၀	ကောင်း□ သင့် √ ညံ့ □	မိုး၊ ဆောင်း
အဝီစိတွင်း/စက်တပ်		ကောင်း□ သင့် √ ညံ့ □	နွေ
အဝီစိတွင်း တုံကင်	၁၇	ကောင်း□ သင့် √ ညံ့ □	ရှိ
မိုးရေ သိုလှောင်ကန်		ကောင်း□ သင့် □ ညံ့ □	

မြစ်ချောင်းရေ		ကောင်း□ သင့် □ ညံ့ □	
ရေကန်		ကောင်း□ သင့် □ ညံ့ □	
စိမ့်စမ်းရေ	၄၇	ကောင်း□ သင့်√ ညံ့□	

လေ့လာတွေ့ရှိချက်။ သောက်သုံးရေသည် တွင်းရေကို အဓိက သောက်သုံးကြပါသည်။ သောက်သုံးရေ အရည်အသွေး အသင့်အတင့်ရှိပြီး လုံလောက်မှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား(၂၂) အိမ်သာအမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	**သုံးစွဲနိုင်သော အိမ်ထောင်စု**
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	
ရေလောင်း/ယင်လုံအိမ်သာ	၁၃၂
မသန့်ရှင်းသော ယင်လုံအမ်သာ သုံးစွဲမှု	
တွင်း/ဇလားအိမ်သာ	
တွင်းမရှိ အိမ်သာ	
အိမ်သာမရှိ	၃၈

လေ့လာတွေ့ရှိချက်။ ကျေးလက်ကျန်းမာရေးဌာနနှင့်ဌာနခွဲများ၏ အသိပညာပေးမှုကြောင့် ယင်လုံအိမ်သာအများဆုံးသုံးကြပါသည်။ အိမ်သာမရှိသူများလည်း ရှိပါသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှု အခြေအနေများ

ဇယား(၂၃) ကျေးရွာများ၏ ထိခိုက်နိုသည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	**ဘေးအန္တရာယ် အမျိုးအစား**	**အန္တရာယ်ရှိနိုင်မှု အခြေအနေ ရှင်းလင်းဖော်ပြချက်**
၁	စားနပ်ရိက္ခာ မဖူလုံမှု	
၂	သဘာဝရင်းမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေ)	
၃	ရေကြီးခြင်း	
၄	မိုးခေါင်ခြင်း	သီးနှံများ မစိုက်ပျိုးနိုင်ခြင်း
၅	အအေးလွန်ကဲခြင်း	
၆	မုန်တိုင်း	

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှု အခြေအနေ ရှင်းလင်းဖော်ပြချက်
၇	ငလျင်	
၈	မီးဘေး	
၉	ဆားငန်ရေဝင်မြေ	
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	
၁၁	သစ်တောပြုန်းတီးခြင်း	
၁၂	ငှက်ဖျားရောဂါ	မိုးရာသီတွင်ငှက်ဖျားရောဂါကျရောက်မှုအနည်းငယ်ရှိပါသည်။
၁၃	တီဘီရောဂါ	
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	
၁၅	ပြည်တွင်း ပဋိပက္ခ	
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	ရာသီဥတုမမျှတမှုကြောင့် တိရစ္ဆာန်များရောဂါကျရောက်မှုရှိပါသည်။
၁၇	လူကုန်ကူးခြင်း	
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	

လေ့လာတွေ့ရှိချက်။ ကျေးရွာသည် မိုးခေါင်လွန်းခြင်းကြောင့်သီးနှံများပျက်စီးခြင်း၊ အမြတ်ရရှိမှု နည်းပါးခြင်းများ တွေ့ရှိရပါသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှု အခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ အခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာအခြေအနေ	လတ်	ကျေးရွာနေသူများမှ မြေဆီသြဇာအခြေအနေခန့်မှန်းမှုအားနည်းခြင်း။
အပင်မျိုးစိတ်များ		
ရေအရင်းအမြစ်		
ငါးမျိုးကွဲများ		
အခြားတိရစ္ဆာန်မျိုးကွဲများ		

လေ့လာတွေ့ရှိချက်။ လယ်/ယာမြေများ ပေါများသော်လည်း ရေလုံလောက်မှုမရှိခြင်းကြောင့် သီးနှံများ ဖြစ်ထွန်းမှု အားနည်းကြောင်း လေ့လာတွေ့ရှိရပါသည်။

(၁၀) ကျား-မရေးရာ

ဇယား (၂၅) ကျား-မရေးရာ

စဉ်	ကျေးရွာ၏ လူမှုစီးပွားဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်သော အချက်များ	ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	ရှိ√	မရှိ□
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	ရှိ√	မရှိ □

လေ့လာတွေ့ရှိချက်။ ကျေးရွာ၏ စီမံ အုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ပါဝင်မှုနည်းပါးသော်လည်း၊ ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဘာသာရေး၊ လူမှုရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ လုပ်ကိုင်ပါဝင်ကြပါသည်။

ဆိပ်စို့ စို့နယ်၊ ဒဂါသာက ကျွဲရွာ၏ ဖွံ့စို့းရေးဗျူ ဟာ တည်ဆဲ ဥပဒေ အခြေပြုယောဘ

စဉ်	စဉ်သနာ	အကဲဖြတ်းအရင်း	အခြေအနေ ကေး ငင်းများ	အဟန်အတားနှင့် စိန်ခဂါမှု	ဖဖြေရှင်းမည့်နည်းလမ်းများ	အဆိုစို့ စိမံချက်နှင့် လုပ်ငန်းများ
၁	ရွာတွင်း ၄၀၀ဗို့အားလိုင်း သွယ်တန်းခြင်း (အင်ဂျင်+ ဒိုင်နမို)	ရန်ပုံငွေနည်းပါးခြင်း	- က ကျွဲရွာမှ မီးရရှိရန် ဆန္ဒ ရှိခြင်း - လိုအပ်သဲ ဘရန်ပုံငွေအတွက် က ကျွဲရွာမှ ငွ ထောက်ကြေးတတ်နိုင် သဲး ဥက်ထည့်ဝင်မှုရှိခြင်း - က ကျွဲရွာတွင် အင်ဂျင်နှင့် ဒိုင်နမို ရှိခြင်း	- ကိုယ်တူကိုယ်ထဲး ငင် ရွက်နိုင်ရန်အတွက် ငွ ထောက်ကြေး မတတ်နိုင်ခြင်း - နည်းပညာ အသိနည်းပါး ခြင်း	-မီးလင်းနိုင်ရန် ရန်ပုံငွေ စုဆဲး ငင်းခြင်း - တစ်ရွာလုံးစည်းလုံးညီညွတ် စွာလုပ်ဆဲး ငင်ခြင်း - ငွေ ထောက်ကြေးတဲး ဘက်ပံ့ပဲးနိုင် သဲး ဘ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆဲး ငင်ရွက်ခြင်း	- ရွာတွင်း ၄၀၀ဗို့အားလိုင်း သွယ်တန်း ခြင်း
၂	က ကျွဲရွာတွင်းလမ်း အဆင့်မြှင့်တင် ရန်လိုအပ်ခြင်း	- လမ်းအခြေအနေ မကေး ငင်းခြင်း	- က ကျွဲရွာမှ လုပ်အားထည့် ဝင်နိုင်ခြင်း - က ကျွဲရွာမှ ငွေထောင်အားအနည်း ငယ်ထည့်ဝင် နိုင်ခြင်း	- လမ်းခင်းရန်အတွက် အ တွေအကြံ့ နှင့်နည်းပညာ မရှိခြင်း - က ကျွဲရွာလမ်းအဆင့်မြှင့် ရန်အတွက်ငွေ ထောက်ကြေးမစုည့်စုံ ခြင်း	- က ကျွဲရွာအဝင်လမ်းအဆင့်မြှင့် တင်နိုင်ရန် အဆဲး ဘက်အပ့်ပဲး နိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆဲး ငင်ရွက်ခြင်း	- က ကျွဲရွာတွင်းလမ်းအား အဆင့်မြှင့် တင်ခြင်း
၃	က ကျလေက်ကျန်းမာရေးဌာနခွဲ မရှိခြင်း	အုပ်စုက ကျွဲရွာမစို့စိခြင်း	-က ကျလေက်ကျန်းမာရေးဌာနခွဲ ရရှိပါက မခြေရောပဲးနိုင်ခြင်း	ဘက်ဂျက်မရှိခြင်း ကျန်းမာရေးဝန်ထမ်းမရှိခြင်း	အဆဲး ဘက်အပ့်ပဲး နိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆဲး ငင်ရွက်ခြင်း	က ကျလေက်ကျန်းမာရေးဌာနခွဲ တည်ဆဲး ဘက်ရန်
၄	ပညာရေးအတွက် က ကျောင်းဆဲး ငင် သစ်များ၊ ပရိ ဆး ဘဂနှင့် သင်ထဲး ဘက်ကူပစ္စည်းများ မစုည့်စုံခြင်း	က ကျောင်းသားဦးရေနှင့် က ကျောင်းဆဲး ငင်များ၊ ရရှိသည့် သင်ထဲး ဘက်ကူ ပစ္စည်းများ မမျှတခြင်း	က ကျွဲရွာမှ လုပ်အား ထည့်ဝင်နိုင်ခြင်း	စုည့်စုံဆဲး ငင် ဝယ်ယူနိုင်မှ မရှိခြင်း ရန်ပုံငွေလုံလေ ဘက်ခြင်း	သက်ဆိုင်ရာ အဖွဲ့အစည်းများ နှင့် ချိတ်ဆက်ဆဲး ငင်ရွက်ခြင်း	ပညာရေးအတွက် က ကျောင်းဆဲး ငင်၊ ပရိ ဆး ဘဂနှင့် သင်ထဲး ဘက်ကူပစ္စည်းများ ဝယ်ယူခြင်း
၅	ရကောတာဆဲး ငင်ရွက်လိုခြင်း	က ကျွဲရွာသည်ခ ကျောင်းနံဘး : တွင် ရှိ ဆး ဘက်ခြာင့် မိုးတွင်းအခါ ရွာတွင်းသို့ ရမျောင်ဝင်ရောက်ခြင်း ခ ကျောင်းမငြှားတိုက်စားခံ ရခြင်း	က ကျွဲရွာမှ လုပ်အားထည့်ဝင်နိုင် ခြင်း	ငွေ ထောက်ကြေးမတတ်နိုင်ခြင်း ဘတ်ဂျက်မရှိခြင်း	သက်ဆိုင်ရာဌာနအဖွဲ့အစည်း များနှင့်ချိတ်ဆက်ဆဲး ငင်ရွက် ခြင်း	ရကောတာတည်ဆဲး က်ရန်

စဉ်	စဉ်သနာ	အကဲဖြတ်အရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြည့်စွက်မည့်နည်းလမ်းများ	အဆိုပြု စီမံချက်နှင့် လုပ်ငန်းများ
၆	တိရစ္ဆာန်မျိုးကောင်းမျိုး သန့်ရှင်းစေ	စီးပွားရေးနိမ့်ကျခြင်း ထွက်ကုန် ပစ္စည်းအရည်အသွေးနိမ့်ကျခြင်း	တိ/ကု ရုံးနှင့် ဆက်သွယ်မှု ရရှိနိုင်ခြင်း	စနစ်တကျမွေးမြူကောင်းမရရှိခြင်း	ခြင်္သေ့ရှိနိုင်သော ဘဏ္ဍာနများနှင့် ချိတ်ဆက်ခြင်း	တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များရရှိရန် ဆောင်ရွက်ခြင်း
၇	အမှိုက်တင်ရစေတည် ဆောက်လိုခြင်း	ရန်ပုံငွေနည်းပါးခြင်း	- ကျေးရွာမှ လုပ်အားထည့်ဝင် နိုင်ခြင်း - အချိန်ကုန်သက်သာခြင်း	လုပ်ငန်းတစ်ခုလုံးအတွက် ငွေကြေး မတတ်နိုင်ခြင်း	သက်ဆိုင်ရာ အဖွဲ့အစည်းများ နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	အမှိုက်တင်ရစေတည် ဆောက်ခြင်း
၈	လက်မှုပညာ၊ အသက်မွေး ဝမ်းကြောင်းသင်တန်း များဖွင့်လှစ်ခြင်း	ရွာသူ/သားများ အသိပညာ ဗဟုသုတ တိုးပွားရန်နှင့် အလုပ်အကိုင်အခွင့်အလမ်း များရရှိရန်။	ကျေးရွာမှ သင်တန်းသားများ ရရှိခြင်း	ကိုယ်တူကိုယ်ထား ငါ ရွက်နိုင်ရန်အတွက် ငွေကြေး မတတ်နိုင်ခြင်း	အထောက်အပံ့ပေး နိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	လက်မှုပညာ၊ အသက်မွေး ဝမ်းကြောင်းသင်တန်း များဖွင့်လှစ်ရန်